# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၂၆ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၂-၃-၂၀၁၅ ] ( ကြာသပတေးနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်၏ **တရားသူကြီး၏ ဆုံးဖြတ်ချက်များသည် ဥပဒေနှင့်ညီညွတ်မှု မရှိပါက မည်သို့အရေးယူ ဆောင်ရွက်သည်နှင့် ဖြောင့်မတ်မှန်ကန်မှုမရှိသော တရားသူကြီးမည်မျှရှိကြောင်းနှင့် မည်သည့်မြို့နယ်များတွင် အရေးယူထားကြောင်း သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **ကျေးလက်ဒေသလျှပ်စစ်မီး ရရှိရေးအတွက် မည်ကဲ့သို့ဆက်သွယ်ဆောင်ရွက်ရမည်နှင့် ခန့်မှန်းကုန်ကျစရိတ် မည်မျှရှိမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်၏ **သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများတွင် ၎င်းနှင့်ဆက်နွယ်သော သဘာဝ ဘေးအန္တရာယ်များ ကျရောက်နိုင်မှုနှင့် ပတ်သက်၍ လုံလောက်သော လေ့လာပြင်ဆင်မှုများ ပြုလုပ်ရန်၊ ပြည်သူများနှင့် ပညာရှင်များ လက်ခံနိုင်အောင် ဆွေးနွေးညှိနှိုင်းခြင်းများ ပြုလုပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်က **" နယ်စပ်ကုန်သွယ်ရေး (Border Trade)လုပ်ငန်းတွင် မြန်မာ့ထွက်ကုန် ပစ္စည်းများ၏ ဈေးကွက်ကို မြန်မာနိုင်ငံသားများ၏ စီမံခန့်ခွဲမှုအောက်တွင် ထားရှိနိုင်ရေး စီမံ ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **" ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်း "** နှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၇ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။